

# ကြီးမြတ်သောလူသား

လောကပင်လယ်ထဲက
အသင်လူသား
ခရီးသွားသူများရဲ့လမ်း
လျှောက်လှမ်းတဲ့ခရီးတလျှောက်
အကောက်အကွေ့
လေနီကြမ်းအဝှေ့အတိုက်
မှောင်မိုက်မဲမဲ
မိုးမုန်တိုင်းတသဲသဲကြမ်း
ချိုင့်ဝှမ်းအသွယ်သွယ်
ဝဲဂရက်အကျယ်ကျယ်နဲ့
လောကပင်လယ်ထဲကအိုဘဲ့လူသား ။

တောင်ကြီးဖဝါးအောက်
ငှတ်မိသဲတိုင် တက်နိုင်ဖျားရောက်
လှိုင်းကြီးလှေအောက်
လွတ်မြောက်ရာလမ်းမှာ
သင်စိတ်သည်သာ
အခရာမို့
လောကဓံမှာဦးမညွှတ်
သင်လွတ်မြောက်ရာလမ်း
ခရီးကြမ်းကို
သင်ဖြတ်သန်းချီတက်ပါလေ ။

အမှောင်ဆုံးအချိန်မှာ
ရောင်နီလာလိမ့်မပေါ့
လောကနိယာမတရား
ခိုင်မြဲတဲ့သင်ရဲ့စိတ်ခွန်အားနဲ့
ခရီးသွားလူသားရဲ့ရှေ့မှောက်မှာ
ရောင်နီသစ်ကိုရောက်ရလိမ့်မပေါ့
ဖွဲမလျှော့နဲ့အိုခရီးသွား ။

သင်စိတ်သာလျှင်
သင့်ရဲ့အရှင်သခင်ဖြစ်ရဲ့
သင်တတ်နိုင်လျှင်
သင်ဖြစ်ချင်တာအကုန်ဖြစ်လိမ့်မပေါ့
အားမလျှော့နဲ့အိုလူသား ။

နီလွင်သွေး(ဒသနိက)
နိုဝင်ဘာ ၊ ၁၂ ၊ ၂၀၁၀ သောကြာနေ့